# ဆဋ္ဌမအကြိမ်မြောက် သံလွင်ငြိမ်းချမ်းရေးဥယျာဉ်အထွေထွေညီလာ၏ သတင်းထုတ်ပြန်ချက်

ပြာသိုလဆန်း ၄ ရက်၊ ကရင်သက္ကရာဒ် ၂၇၆၅ ခုနှစ် (ဒီဇင်ဘာလ ၂၂ ရက်၊ ၊ ၂၀၂၅ ခုနှစ်)

မြန်မာအာဏာရှင်စစ်တပ်သည် ၎င်းတို့လက်လွတ်ဆုံးရှုံးလိုက်ရသည့်နယ်မြေများအား တော်လှန်ရေးအဖွဲ့များထံမှ ပြန်လည်သိမ်းယူနိုင်ရန်အတွက် ပြည်သူ့အသက်ကိုပဓာနမထားသည့် လေကြောင်းတိုက်ခိုက်မှုများနှင့် ဖမ်းဆီးသတ်ဖြတ်မှုများကို ဆက်လက်လုပ်ဆောင်ရင်း ၎င်းတို့၏အတုအယောင်ရွေးကောက်ပွဲကို ပြုလုပ်နိုင်ရန် တစ်ဖက်သတ်တွန်းအားပေးနေသည့်အချိန်တွင် ပြီးခဲ့သည့် ၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလ ၁၇ ရက်မှ ၁၉ ရက်များ၌ ကော်သူးလေနယ်မြေအတွင်းရှိသံလွင်ငြိမ်းချမ်းရေးဥယျာဉ်၏ နက်ရှိုင်းသောတောအုပ်တစ်နေရာတွင် အာဏာရှင်စစ်တပ်၏လုပ်ရပ်နှင့် ဆန့်ကျင်ကွဲလွဲသည့် ပြည်သူလူထုကိုဗဟိုပြုသော ဒီမိုကရေစီလုပ်ငန်းစဉ်တစ်ရပ်အား အောင်မြင်စွာ ကျင်းပြီးစီးခဲ့ပြီ ဖြစ်သည်။

ဤသည်မှာ သံလွင်ငြိမ်းချမ်းရေးဥယျာဉ်၏ ဆဋ္ဌမအကြိမ်မြောက် အထွေထွေညီလာခံပင် ဖြစ်ပါသည်။ ဌာနေလူမျိုးစုအသိုင်းအဝိုင်းများမှ ကိုယ်စားလှယ်များ၊ အရပ်ဖက်လူမှုအဖွဲ့အစည်းများနှင့် ကရင်အမျိုးသားအစည်းအရုံး (ကေအဲန်ယူ) အစိုးရကိုယ်စားလှယ်များအပါအဝင် ကိုယ်စားလှယ် ၁၉၅ ဦး ( မ ၄၉ ဦး၊ ကျား ၁၄၆ ဦး ) စုဝေးကာ ပြီးခဲ့သည့်နှစ်အတွင်းဆောင်ရွက်ခဲ့သည့်လုပ်ငန်းများကို အစီရင်ခံတင်ပြခြင်းနှင့်သုံးသပ်ခြင်း၊ မူဝါဒဆိုင်ရာ အရေးကိစ္စ များကို ဆွေးနွေးခြင်းနှင့် အနာဂတ်လုပ်ဆောင်ရမည့် လမ်းကြောင်းများကို ဆုံးဖြတ်ညှိနှိုင်းခြင်းများ ပြုလုပ်ခဲ့ကြပါသည်။

မြန်မာအာဏာရှင်စစ်တပ်နှင့်တွေ့ဆုံဆွေးနွေးညှိနှိုင်းခြင်းမှတဆင့် နိုင်ငံရေးအဖြေကိုရှာခြင်းက အလုပ်မဖြစ်တော့သည့်အခြေအနေ၌ “သုံးစွဲပါ၊ ထိန်းသိမ်းပါ" (eat and care for) ဟူသောရိုးရာယဉ်ကျေးမှုသွန်သင်ဆုံးမချက်အတိုင်း ဒေသခံဌာနေလူမျိုးစုတို့မှ မြစ်ချောင်းအင်းအိုင်၊ မြေယာများနှင့် သစ်တောများကို ကာကွယ်ထိန်းသိမ်းခြင်းနေသည့် သံလွင်ငြိမ်းချမ်းရေးဥယျာဉ်သည် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ကို လက်တွေ့အသက်ဝင်စေသောဥယျာဉ်တစ်ခုအဖြစ် ဆက်လက်ရပ်တည်လျက်ရှိပါသည်။

သံလွင်ငြိမ်းချမ်းရေးဥယျာဉ်သည် လာမည့်ဇန်နဝါရီလတွင် ၇၇ နှစ်ပြည့်တော့မည့် ကေအဲန်ယူ၏တော်လှန်ရေး၊ တစ်နည်းအားဖြင့်ဆိုရလျှင် ကရင်တစ်မျိုးသားလုံး၏ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်အတွက် တိုက်ပွဲဝင်နေသည့် ကေအဲန်ယူ၏လှုပ်ရှားမှုအပေါ် တိုက်ရိုက်အကျိုးပြုနေသည်။ ငြိမ်းချမ်းရေး၊ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်၊ နှင့် သဘာဝပတ်ဝန်းကျင်တည်တံ့ခိုင်မြဲရေးတို့အတွက် ရည်ရွယ်လုပ်ဆောင်သည့် သံလွင်ငြိမ်းချမ်းရေးဥယျာဉ်၏လုပ်ဆောင်မှုသည် ကျွန်ုပ်တို့၏ဘိုးဘွားမြေယာအား နှစ်ပေါင်းများစွာကိုယ်ကျိုးစွန့်ကာကွယ်စောင့်ရှောက်လာသူတို့၏ပေးဆပ်မှုကို တန်ဘိုးထားလေးစားသည်။ “ကျွန်တော်တို့ရဲ့အခွင့်အရေးတွေကို နေပြည်တော်မှာတောင်းဆိုတာထက် ကျွန်တော်တို့ရဲ့ဘိုးဘွားနယ်မြေဒေသပေါ်မှာ ကျွန်တော်တို့ရဲ့ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ကို လက်တွေ့ကျင်သုံးခြင်းဖြစ်ပါတယ်" ဟု သံလွင်ငြိမ်းချမ်းရေးဥယျာဉ်၏ အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ စောဖေါလ်စိန်ထွားက ဆိုပါသည်။

၎င်းအထွေထွေညီလာခံတွင် ဌာနေလူမျိုးစုတို့ထိန်းသိမ်းစီမံသော "ကော်" နယ်မြေများ၏ နယ်နိမိတ်အား တိုင်းတာမှတ်တမ်းတင်ခြင်း၊ လူမှုအသိုင်းအဝိုင်းအခြေပြု တောရိုင်းတိရစ္ဆာန်ဘေးမဲ့သစ်တောများတည်ထောင်ခြင်း၊ ကျေးရွာပိုင်ဘုံသစ်တောတိုးတက်မှုအခြေအနေစောင့်ကြည့်ခြင်း၊ အချို့သောကျောင်းများတွင် ရိုးရာယဉ်ကျေးမှုသင်ရိုးညွှန်းတမ်းစတင်သင်ကြားပေးခြင်း၊ သမိုင်းဝင်အထွတ်အမြတ်ထားရာနေရာများကို မှတ်တမ်းတင်ခြင်း၊ လူမှုအသိုင်းအဝိုင်းပိုင်စပါးကျီတိုးတက်မှုအခြေအနေ၊ စသည့်ခေါင်းစဉ်များအပါအဝင် ဥယျာဉ်အတွက်ချမှတ်လုပ်ဆောင်သည့် လုပ်ငန်းများ၏နောက်ဆုံးအခြေအနေကို ဥယျာဉ်၏လုပ်ငန်းအကောင်အထည်ဖော်ရေးအဖွဲ့များက အစီရင်ခံတင်ပြခဲ့ကြပါသည်။ ထို့အပြင် ငါးနှစ်ကြာကာလအတွင်းအပြီးဆောင်ရွက်သွားမည့် သံလွင်ငြိမ်းချမ်းရေးဥယျာဉ်၏ ရာသီဥတု ပြောင်းလဲမှုဆိုင်ရာမဟာဗျူဟာကိုလည်း အထွေထွေညီလာခံတွင် အတည်ပြုခဲ့သည်။၎င်းမဟာဗျူဟာအစီအစဉ်တွင် သစ်တောပြန်လည်စိုက်ပျိုးရေး၊ ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်ဖန်တီးတည်ဆောက်ခြင်း၊ နှင့် အခြားရာသီဥတုပြောင်း လဲမှုဆိုင်ရာလျှော့ချရေးလုပ်ငန်းများကို ရေးဆွဲချမှတ်ထားသည်။ လတ်တလော သံလွင်မြစ်အတွင်းဖြစ်ပေါ်နေသည့် ရေထုညစ်ညမ်းမှုပြဿနာအကြောင်းကိုလည်း ဆွေးနွေးခဲ့ပြီး သံလွင်မြစ်ကမ်းနံဘေးတစ်လျှောက်နေထိုင်သည့် လူမှုအသိုင်းအဝိုင်းများအပေါ် သက်ရောက်နိုင်သည့်အန္တရာယ်များကို အကဲဖြတ်ရန် နောက်ထပ်စမ်းသပ်စစ်ဆေးမှုများပြုလုပ်ရန်စီစဉ်ထားပါသည်။

၂၀၂၅ ခုနှစ်တွင် ဌာနေလူမျိုးစုတို့ထိန်းသိမ်းစောင့်ရှောက်သည့်နယ်မြေဒေသတစ်ခုအဖြစ် အသိအမှတ်ပြုခြင်းခံရရန်ကြိုးပမ်းနေသည့် သံလွင်ငြိမ်းချမ်းရေးဥယျာဉ်သည် အရေးပါသည့်မှတ်ကျောက်နှစ်ခုကို စိုက်ထူနိုင်ခဲ့သည်။ ပထမတစ်ခုမှာ ဥယျာဉ်တည်ထောင်ခဲ့သည့် နှစ်ပတ်လည် ၇ နှစ်ပြည့် အထိမ်းအမှတ်နေ့ဖြစ်သည့် ဒီဇင်ဘာလ ၁၈ ရက်နေ့တွင် ကေအဲန်ယူဗဟိုဌာနချုပ်မှ ပဒိုစောသော်သီဘွဲ့က သံလွင်ငြိမ်းချမ်းရေးဥယျာဉ်အား “ငြိမ်းချမ်းရေး တည်ဆောက်ရေးအတွက် တောင့်တင်းခိုင်မာသည့်ယန္တရား၊ ဌာနေလူမျိုးစုတို့၏ကိုယ်ပိုင်ဆုံးဖြတ်ခွင့်ကို လက်တွေ့ပုံဖော်သည့်ဥယျာဉ်၊ နှင့် သဘာဝပတ်ဝန်းကျင်အား ထိန်းသိမ်းစောင့်ရှောက်သည့်ဥယျာဉ်" တစ်ခုအဖြစ် အသိအမှတ်ပြုပြီး ကေအဲန်ယူကပံ့ပိုးသွားမည်ဟု တရားဝင်ကြေငြာခဲ့သည်။ ဒုတိယတစ်ခုမှာ ကမ္ဘာ့ကုလသမဂ္ဂသဘာဝပတ်ဝန်းကျင်အစီအစဉ် (UNEP) မှ ၂၀၂၅ ခုနှစ် ဒီဇင်ဘာလ ၁ ရက်နေ့တွင် သံလွင်ငြိမ်းချမ်းရေးဥယျာဉ်အား ဌာနေကရင်လူမျိုးစုတို့ထိန်းသိမ်းစောင့်ရှောက်စီမံသည့် နယ်မြေဒေသတစ်ခုအဖြစ် ၎င်း၏ Global ICCA Registry စာရင်းတွင် တရားဝင်ထည့်သွင်းမှတ်တမ်းတင်အသိအမှတ်ပြုပေးသည့် အောင်မြင်မှုဖြစ်သည်။ ၎င်းအသိအမှတ်ပြုမှု၏အဓိပ္ပါယ်မှာ ဌာနေလူမျိုးစုတို့ဦးဆောင်လှုပ်ရှားနေသော ကမ္ဘာလုံးဆိုင်ရာသဘာဝပတ်ဝန်းကျင်ကာကွယ်ထိန်းသိမ်းရေးနှင့် ရာသီဥတုပြောင်းလဲမှုလျှော့ချရေးလှုပ်ရှားမှုတွင် သံလွင်ငြိမ်းချမ်းရေးဥယျာဉ်သည်လည်း အစိတ်အပိုင်းတစ်ခုဖြစ်ကြောင်းကို အသိအမှတ်ပြုပေးခြင်းဖြစ်သည်။ သံလွင်ငြိမ်းချမ်းရေးဥယျာဉ်အတွင်းရှိပြည်သူများသည် သဘာဝထိန်းသိမ်းရေးအတွက်သာမကမိမိတို့နေထိုင်ရာဘိုးဘွားနယ်မြေအား ထိန်းသိမ်းစောင့်ရှောက်ခွင့်ရှိသောသူများအဖြစ် အသိအမှတ်ပြုခြင်းခံရရန်အတွက် စည်းလုံးစွာပူးပေါင်းလုပ်ဆောင်နေကြပြီး နိုင်ငံတကာမဟာမိတ်ကွန်ရက်များနှင့်လည်း ချိတ်ဆက်လုပ်ဆောင်နေပါသည်။

ကရင်လူမျိုးတို့၏အိမ်ဖြစ်သည့်ကော်သူးလေအတွင်း၌ သံလွင်ငြိမ်းချမ်းရေးဥယျာဉ်နည်းတူ တစ်ခုပြီးတစ်ခုပေါ်ပေါက်လာသည့်အခြားလှုပ်ရှားမှုများနှင့်အတူ သံလွင်ငြိမ်းချမ်းရေးဥယျာဉ်သည် ငြိမ်းချမ်းရေး၊ ဌာနေလူမျိုးစုတို့၏ ကိုယ်ပိုင်ပြဌာန်းခွင့်အသိအမှတ်ပြုခံရရေး၊ ယဉ်ကျေးမှုပြန်လည်ရှင်သန်ရေးနှင့် သဘာဝပတ်ဝန်းကျင် ရေရှည်တည်တံ့ရေးတို့အတွက် ဆက်လက်ကြိုးပမ်းလုပ်ဆောင်နေပါသည်။ ဖိနှိပ်မှု၊ အကြမ်းဖက်မှု၊ ရာသီဥတုပြောင်းလဲမှုနှင့် ဇီဝမျိုးစုံဆုံး

ရှုံးမှုများ တိုးပွားလာနေသည့်ကမ္ဘာကြီးအတွက် သံလွင်ငြိမ်းချမ်းရေးဥယျာဉ်သည် ကျွန်ုပ်တို့အားလုံးလိုအပ်သည့် မျှော်လင့်ချက်ကို ပေးစွမ်းလျက်ရှိပါသည်။

ယခုလအစောပိုင်းတွင် သံလွင်ငြိမ်းချမ်းရေးဥယျာဉ်၏အနောက်မြောက်ဘက်ရှိ တောအုံးခရိုင်အတွင်းက သောသီတောအူးဌာနေလူမျိုးစုများဥယျာဉ်သည်လည်း ၎င်း၏ပထမဆုံးသောအထွေထွေညီလာခံကို အောင်မြင်စွာကျင်းပနိုင်ခဲ့ပြီး ဥယျာဉ်၏အုပ်ချုပ်ရေးကော်မတီကိုလည်း ရွေးကောက်ဖွဲ့စည်းချမှတ်နိုင်ခဲ့ပြီဖြစ်သည်။ သံလွင်ငြိမ်းချမ်းရေးဥယျာဉ် အထွေထွေညီလာအနေဖြင့် ဤဖြစ်မြောက်မှုအတွက် သောသီတောအူးဌာနေလူမျိုးစုများဥယျာဉ်၏ ပြည်သူလူထုများအား ဂုဏ်ပြုပါသည်။ မြန်မာပြည်နှင့်ကမ္ဘာတစ်ဝှမ်းတွင် တဖြည်းဖြည်းများပြားကြီးထွားလာသည့် ဌာနေလူမျိုးစုတို့၏ သဘာဝထိန်းသိမ်းရေးဦးဆောင်လှုပ်ရှားမှုတွင် ယခုကဲ့သို့ပါဝင်လာသည့် သောသီတောအူးဌာနေလူမျိုးစုများဥယျာဉ် အား သံလွင်ငြိမ်းချမ်းရေးဥယျာဉ်မှ ကြိုဆိုပါသည်။

ဆက်သွယ်ရန်

စောဖေါလ်စိန်ထွား - Tel: +66 (0)81 724 7093